


သရက်ကြီး ဂါင်
ငွေဥဒေါင်း
ဂုဍ္ဍစာပန်းချီ
ကမ္ဘာတစ်သိန်း လွန်မြောက်ပြီးသည့်နောက်
ပန်းချီ ရေးရေး
2011.GRAPHIC DESIGN : KYAW MINN MOUNG


ဘုရှိကာလ ကား
ဂေါတမ မြတ်စွာဘုရားရှင် ကောသမ္ဗီ ပြည်၌ ဃောသိတာရုံကျောင်း ပါဝါရိကကျောင်း၊ ကုက္ကုဋာရုံကျောင်း၊ တော်တို့တွင် လှည့်လည် ၍ သီတင်းသုံးတော်မူစဉ် ကာလ ဖြစ်ပါ သည်။ တိတိကျကျ ဆိုရလျှင် ဘုရားရှင် ဘုရားဖြစ်ကို ရောက်တော်မူပြီး (၉) ဝါမြောက် ကာလ ဖြစ်ပါ သည်။



ထိုအချိန်၌ ကောသမ္ဗီ ပြည် ၌ ရှိကြသော... ဃောသက သူဌေး မှ စ၍ ဘဒ္ဒိ: သူဌေး သူ ကြွယ်များ ဒါယကာ ဒါယိကာမ များကလည်း မြတ်စွာဘုရား ရှင် သီတင်း သုံးတော်မူရာ... ကျောင်းတော်များ၌ ဘိက္ခု ဒါန များကို အဆက် မပြတ် ဆက်ကပ် ပေးကြသည်။
ဘိက္ခုဒါနများ ဆွမ်းဒါန်း ဆက်ကပ် ကြရာတွင် ဘုရား ရှင် ကိုယ်တော် မြတ် ကြီး သာမက.... တပည့် သား ရဟန်း သံဃာများ ကို လည်း မမိတ္တိ ကြည်ညိုစွာ ဘာလုံ ဆွမ်းဒါန်း ဆက်ကပ် ကြလေ၏


အရှင်ဘုရား
အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး
ဘယ်ကျောင်းမှာ သီတင်း
သုံးပါသလဲ ဘုရား
ဟို... ရှေ့က
ကျောင်းကြီး မှာသီတင်း
သုံးတယ် ဒကာမကြီး
တင်ပါ့...ကျေးဇူး
ပါပဲ ဘုရား ကိုယ်တော် မြတ်
ကြီးကို ဆွမ်းကပ်ချင် လို့
ပင့်ဖိတ် မလို့ပါ
ဘုရား
သာဓု သာဓု သာဓု
သွားဝင် ကြလေ... ဒီ အချိန် ဆို
ကိုယ်တော် ကြီး ကျောင်း
ပေါ်မှာပါလိမ့်မယ်



တစ်ချို့ကလည်း အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ကို ရှာကြသည်
အရှင်ဘုရား အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ကိုတွေ့ပါသလားဘုရား
အရှင်မြတ်ကြီး အဖွင့်ကို ဆွမ်းစားကြွတော်မူပါတယ်
ဆွမ်းကပ်ချင်လို့ ပင့်မလို့ပါ ဘုရား
ဪ... ဒါဆို ဒီနေ့တော့ မရတော့ဘူးပေါ့
ဒီနေ့မရလည်း
ထိုကျောင်းတော်ကြီး ဝင်းအတွင်း၌ ရှင်ဒေဝဒတ် သိတင်းသုံးလျက်ရှိသော်လည်း ဆွမ်း ပြုဒါန်း ဆက်ကပ်မည့် ဒါယကာဒါယိကာမများ ကတော့ ရှားပါး လွန်းလှ


အင်း... လျော့လျော့ သံဃာတော်တွေ အတော်များ အတွင်း သုံးနေကြတာတော့ ဖျက်ဆီးတန်းစရာ ရှိတော့ ခွဲခြားခွဲခြားနဲ့!
မကျေနပ်သော်လည်း အမှုပါနေ ဆိုသည်ကို.... လက်ဆွဲကာ... “ ငါ ဒီမှာ ” ဆိုပြီး မှုပိုင်းမှ ရသည့် အမျိုး၏ မပျက်စေတော့လည်း အခက်သား
ထိုမျှသာ မကသေး ရဟန်း တန်ဆောင်းများ အမှုမကျော်များမှာ အသက်ကာ ဒွိယိကာမများ ဆုံကြရ၍ လည်း အကျင့်သာ ပုဂ္ဂလာ အကြောင်း အကျင့်မောက္ခလန် အကြောင်း တို့ကိုသာ ပြောဆို ဆွေးနွေး ကြသည်ကများ ကြမြင် သည်


အရှင် သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး ကလေ တရား ဂါထာ တစ်ကြောင်း တစ်ပုဒ် လောက် ဘုရား ရှင် ဟောတာကို ဒီလို နဲ့ ချဲ့ မကုန် အောင် နား လည်တယ် တဲ့၊
အို... ဒါကြောင့် လည်း ဉာဏ် အရာ မှာ ဧတဒဂ် ရတာ ပေါ့၊ ဒီသာသနာမှာ ဘုရား ရှင် ကိုယ်တော် မြတ်ကြီး ပြီး ရင် ရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီး က ဉာဏ် အရာမှာ အမြင့် ဆုံး ပဲ၊
ဒါကြောင့် လည်း လက် ယာရ ဖြစ်တော်မူတာ ပေါ့နော်
အဲ့မယ် လက်ဝဲရံ ဖြစ်တဲ့ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး ကျတော့ တန်ခိုး အရာမှာ ဘုရား ရှင် ပြီးရင် အကြီး ဆုံး ပဲ၊



အင်းလေ... ဒီကျောင်းလည်း တနိုင်း အရပ်မှာ မတွေ့ရ ဆိုတဲ့ အမြင့်ဆုံး အသာဆုံး အဲ့ကို ဘုရားရှင်က ချီးမြှင့်တော် မူတာပေါ့
မိုးမိ ကျောင်းများ တစ်ခါ တလေ ပါလေမလား ဟု တိုနေရာ သည် နေရာတွေမှာ ယသမိသာ ဦးရွှင့် ကြည့်မိသည် သို့သော် သူ့ ကျောင်းပြောသံ ကတော့ လေးမှုပြင် မကြားခဲ့ရဘူးပါ....
ရှင်ဒေဝဒတ်သည် ရဟန်း ၁၃၀ ကျော် နေသည် ဖြစ်သော်လည်း သစ္စာတရားကို ၊ ကိုယ်တိုင် သိမြင်ပြီး သော အရိယာ မဖြစ်သေး ။ ပုထုဇဉ် မျှသာ ဖြစ်သေးသဖြင့် ပုထုဇဉ် လိုပင် သူတွေးမိ
အလကားလူတွေ အကောင်းမှန်း မသိ.. အဆိုးမှန်း မသိ


သူ့ အကြွေးတွေ မဖြင့်ဖြတ် ၊ ခွင့်လွှတ်ခြင်း သည်းခံခြင်း တွေကို သူ့ နှလုံးသား က... လက်မခံနိုင် သေး
ငါဆိုသည့် မာန် က.. သူ့ ရင်ထဲမှာ အပြည့်
ဒေါဂ္ဂ ဆိုတာ.... မွေးကတည်း က.... တစ်ခါမှ သူများ အောက်မှာ မနေခဲ့ဘူး တဲ့ လူ အခုကျမှ ဟင်း


ဒေဝ ဒတ်ဟုခြည့် ဆိုလည်း တက်လောက်ပါ သည် သူသည်
ဗုဒ္ဓ ဖြတ်ဆိုး လူမျိုး ဟု ဝိဓေတ်ကာလ လူများ
သတ်မှတ်ခြင်း ခံရသည့် သာကီဝင် မင်းမျိုး မှ
မင်းသားတစ်ပါး ဖြစ်ခဲ့ သူ
ဘုရားရှင် ဘုရား မဖြစ်မီ သာမာန်
လူသားဘဝ၌ သိဒ္ဓတ္ထ က
ထိမ်းမြား လက်ထပ် ခဲ့ သော
ယသောဓရာ မင်းသမီး၏ မောင်တော်



ထို့အပြင်.... မိုးခေါင်ရာ လေပင့် ဆိုသလို.... ရဟန်း
ဘဝသို့ ရောက်ခဲ့ပြီး သမထကျင့်စဉ်များ၏ အစွမ်းနှင့်
ဈာန် အဘိညာဉ်... တန်ခိုးတို့ကို... ကြောက်ခမန်း
လိလိ... ပြည့်ပိုင်ဆိုင်ခဲ့သူ
သည်တော့လည်း
သူ့မာနက...
ယေဘုယျ အဆင့်မှာ
ရောက်နေခဲ့၍
ထိုကြောင့်ပင်
ယခုကဲ့သို့ အရေး
မပါသည့် ရဟန်း
တစ်ပါး ဘဝ ဖြစ်
နေရခြင်း အပေါ်
သူ စိတ်သို့ ရှုဘက်
မကျေနိုင် ခဲ့ပါ...


ဤသို့ဖြင့် တစ်နေ့တွင် ရှင်ဒေဝဒတ် တစ်ပါးတည်း ဆိတ်ငြိမ်ရာ တောအုပ် အတွင်းသို့ ဝင်ခဲ့ သည် အရိပ်ကောင်းသော သစ်တစ်ပင် အောက်တွင် ထိုင်ရင်း တိတ်ဆိတ်စွာ အကြံထုတ်၏
ဒီပုံစံ အတိုင်း ဆက်သွားရင် ဒီသံဃာအရာမှာ ငါ ဘာမှ မဟုတ်တော့ ရဟန်းဘဝနဲ့ ပါ ပြီးရတော့မယ်
ဒီ အဖြစ်ကို ငါ လက်မခံနိုင်ဘူး ဟိုးကတည်းက... ဘယ်နေရာမှာ မဆို ထိပ်ဆုံးမှာ နေခဲ့တာ အခု ရဟန်း ဘဝ ရောက်တော့မှ အို... အမြီး အဖြစ်မခံဘူး
အမျိုးမျိုး တွေးတော ကြံဆရင်း ဒေဝဒတ် ခေါင်းထဲမှာ ဂျပ်ပြက် ဆင်နေ၏



ဒီ ကောသမ္ဗီ မြို့သားတွေဟာ ငါ့အကြောင်းကို ဘာမှ မသိကြဘူး ငါ့ရဲ့ အဆင့်အတန်းကို လည်း နားမလည် ကြဘူး ဒီလိုနေရာမှာ ငါ ဆက်နေလို့ ဘာမှ အကျိုး ကျေးဇူး ဖြစ်လာမှာ မဟုတ်ဘူး
ငါ ဒီနေရာကို စွန့်ရမယ်
ဒီအတွေးကို သူသဘောကျသွား ခဲ့သည်။
သို့သော် မိမိ ကျော်ကြား တောင်မြင့် ကောင်းစားရေး အတွက် မည်သို့ လုပ်ရ မည်ကိုမူ အကြံ ချက်ချင်း ထွက် မလာသေး။
ထို့ကြောင့် သူက ခဏ စဉ်းစား ရပြန်၏။


ဦးဝင်းကျော်မှာ ဂြိုဟ်သမ္ဘ တိုင်းပြည်က မင်းတွေ အကုန်လုံး ကြောက်တယ် ဘုရားကို ကြည်ညို ကြတဲ့ မင်းတွေချည်းပဲ
သူတို့ကိုချဉ်းကပ် ရင်တော့ အလကားပဲ.... အဲ ဟုတ် ပြီ.... ရာဇဂြိုဟ် ပြည်က ဘုရင် ဗိမ္ဗိသာရရဲ့ သား အဇာတ မင်းသား ကတော့ လယ် ဝေးတယ်
ပြီးတော့ ဘုရား တရားကိုလည်း စိတ်မဝင်စားသေးဘူး ဘုရင် သားဆိုတော့ တစ်နေ့ ဘုရင် ဖြစ်မယ့် လူပဲ သူ့ကို ငါ အသုံး ချမယ် ဒီဆိုရင်
ရှင်ဒေဝဒတ် ခေါင်းထဲက အကြံအစည် အား အကောင် အထည် ဖော်ရန် ရာဇဂြိုဟ် ပြည်သို့ ကောင်းကင် ခရီး ဖြင့် ထွက်ခဲ့ တော့ သည်


ယနေ့ညမှပဲ...ရာသီဥတုက ပူအိုက်လွန်းနေသည်.... အဇာတသတ်မင်း ကလည်း အိပ်မပျော်နိုင် ဖြစ်နေရသည်။ အချိန်ကား ညသန်းခေါင် ကျော်ပြီ လေသာပြတင်းတံခါး တွေ ဖွင့်ထားသော်လည်း အပူချိန်က.... မလျော့သေး
အိပ်ရာ သလွန်ထက်မှာ ရှိနေစဉ် အသံတစ်မျိုး ကြားလိုက်ရသည် ဖြွဖြွ သဲ့လိုလို ဘာလိုလို


ဒီသံကြားရတာက သူ့ ဆတ်ခနဲ
လှည့် ကြည့် လိုက်မိ သည်
ဟင်
ဒီလူလေး
ဘုရား! ဘုရား!
တန်လျှပ်ဇ ချက်ချင်း ရှာ သူထထိုင်
လိုက်ရင်း ဖြင့် လိုက်ရသည့် ဖြစ်ကွင်းကို
ကြက်သေ, သေကာ ကြည့်နေမိ သည်
လူငယ်တစ်ယောက် သူ့ ရှေ့မှာရောက်
နေ၏ လေသာပြတင်း တံခါး က...
ထိုလူငယ် ဝင်လာ ခဲ့ ခြင်း ဖြစ်ပါ လိမ့်မည်
သည့် ပေါက် ဖြင့် မှား သည့် တံခါး က....
သူဘယ်လို ဝင် လာခဲ့ တာလဲ


သင်.... သင် ဘယ်သူလဲ ဘယ်ကဓါ ဘယ်လို ဝင်ရောက်လာတာလဲ
မေးလိုက်သည့် အသံက ကျိန်ကျိန် ယင် ယင် တစ်ထစ်ဝေ့ ဝေ့.
ဖြို့ ဖရဖြစ်သွား၏ အနား သို့ တိုးကပ်လာသည့် လူငယ်၏ ခေါင်းပေါ်ကမြူးကရိုရဲ့ နှဖူက အကျော် တလက် လက် တောက်နေ၏ ခေါင်းပေါ် မှာပါးပျဉ်း ထောင် ၍ မှိုး ထားသော မြွေတစ်ကောင် ၊ လက်နှစ်ဘက်မှာ တစ်ဘက် တစ်ကောင်စီ .... ဖြီးတော့ မြွေထောက် နှစ်ဘက် ကြာသည်း တစ်ဘက် တစ်ကောင် စီ ရစ်ပတ်လျက်


ဂမြွေတွေရဲ့ ခေါင်းတွေက လေထဲမှာ
ဟိုးပျံ့ကာစိထောင်ထောင် နှာမှုတ်သံ
တွေက ကျွီကျွီ....
ကြည့်နေရင်း မှ
အဇာတသတ် မင်းသား
အသက်ရှူ မဝသလို
ဖြစ် လာသည်
မင်းသား
သင် ကြောက်ရွံ့
သလော:
မေးခွန်း နှင့် အတူ
ထိုလူငယ် က...
အခန်းကို ထပ်၍
တိုးတပ်လာပြန် သည်
အဇာတသတ် မင်းသား
ဆွေးပျက်မတတ်
ဖြစ်သွား ရသည်
ထွက်ပြေးချင်
သော်လည်း လူ
ကစိကိုယ်လုံး
သုံ့ပန်၍ နေ၏



သင် ကြောက်နေ သလား
သင်... သင်ဘယ်သူလဲ လူလား နတ်လား နဂါးလား
ထိုအခါ ထိုလူကြီးက ပြုံးလိုက်သည် ထိုလူကြီး ပြုံးလိုက်ကာမှ ပို၍ ကြောက်စရာ ကောင်း သည် ဟု ထင်မိ၏
ကျွ.... ကျွန်ုပ်ကို ကြောက်အောင် မခြောက်ပါနဲ့ သင်.... သင်ဘယ်သူလဲ ဘာ... ဘာဖြစ်လို့ ရောက်လာရတာလဲ
ကြောက်မနေပါနဲ့ မင်းသားရယ် ကျွန်ုပ် ဟာ လူလည်း မဟုတ်ဘူး နတ်, နဂါးလည်း မဟုတ်ဘူး ရဟန်း တစ်ပါးပါ ကျွန်ုပ်ရဲ့အကြောင်းကို သင်မင်းသား သိစေချင်လို့ ယခုလို လာခဲ့ရတာပါ


အို.... သိပါပြီ ဘုန်းကြောက်စရာ ဘုရင်ကြီးကို ဖျောက်လိုက်ပါတော့ ရဟန်း တစ်ပါး ဆိုက် ရဟန်း ဘုရင်ကိုပါ ဖြုတ်ပါတော့
ထိုအခါ ကျုံမှ ငါးဝေဝဝတ်က ဖန်ဆင်းထားသော ဘုရင်ကို ဖျောက်လျက် ပရိက္ခာရ ရှစ်ပါး နှင့် တကွ ရဟန်း တစ်ပါး ဘုရင်ကို ဖြန့် ယူ လိုက်သည်
'ဘီလူးတာသတ်' မင်းသားလည်း သရုပ် ပေါ်မှဆင်း၍ ငါးဝဝတ်ကို ကြည်ညိုစွာ ကန်တော့လိုက်သည်
၂၀


မင်းသား ကျွန်ုပ်ဟာ ဦးဇေဝဗြိတ်ပါ... သင့်ရဲ့ ဆရာရင်း အဖြစ်နဲ့ ဒီကုရုဂြိုဟ်ပြည်မှာ သီတင်းသုံးဖို့ လာခဲ့တာပါ ဘယ်လိုလဲ သင် ကျွန်ုပ်ကို လက်ခံမှာလား ငြင်းပယ်မှာလား
လက်.... လက်ခံပါတယ် ဘုရား.... ကုရုဂြိုဟ်ပြည်မှာ အရှင်မြတ် စိတ်တိုင်းကျ သီတင်းသုံးတော်မူပါ.... တပည့်တော် အစစ အရာရာ ဖြည့်ဆည်းဆောင်... စီမံပေးပါ့မယ် တပည့်တော်ကိုလည်း ဆရာအရင်း အဖြစ်သတ်မှတ်ပြီး ချီးမြှင့် စောင့်ရှောက်တော်မူပါ ဘုရား
ကောင်းလေစွ၊ ကောင်းလေစွ ကောင်းလေစွ မနက်ဖြန် မနက် သင် စီစဉ် ပေးတဲ့ ကျောင်းမှာ.... သီတင်းသုံးဖို့ ကျွန်ုပ် ကြွလာခဲ့မယ်...
ကျွန်ုပ်ရဲ့ ဆရာရင်း အဖြစ် သတ်မှတ်ပြီး စောင့်ရှောက်ချီးမြှောက်မယ် ဒီ ကုရုဂြိုဟ်ပြည်မှာ သင် မင်းသား ထိပ်ဆုံး ကလျ ဖြစ်ရမယ်....


စကားအဆုံး လေသာပြတင်းမှပင် ထွက်၍ ရှင်ဒေဝဒတ်က... ကောင်းကင်ခရီးမှ ပြန်ကြွသွားတော့သည်....
အင်း... ငါ အခုကြီးလို တန်ခိုးကြီးတဲ့ ရဟန်းတစ်ပါးကို ဆရာရင်း အဖြစ် ကိုးကွယ်ခွင့် ရတာပဲ၊ ခမည်းတော်ကိုးကွယ်တဲ့ ဘုရားရှင် တော်မှ အဲလိုမျိုး တန်ခိုး ဖြစ်နိုင်တယ်လို့ ငါ မကြားဖူးဘူး
အဇာတသတ် မင်းသားက... လက်အုပ်လေးချီ ရင်း ကျန်ရစ်ခဲ့သည်....
ဪ... ငါ့ကို နတ်ကောင်း နတ်မြတ်တွေ စောင့်ရှောက်တာပဲ၊ ဘယ်လို ဖြစ်ဖြစ် ရှင်ဒေဝဒတ် မပြုနိုင်အောင် ငါ အစစအရာရာ ထိန်းရမယ်
အဇာတသတ် နှင့်၎င်း လောဘ သဘာဝ ကြီးမားလှသော ပုထုဇဉ် လူသားများကို... စည်းရုံး သိမ်းသွင်း ၍ သည်မှာ သွယ်ကျ လှုံ့လှုပ်ပါသည်



သူတို့ ကြောက်တတ်သော အရာနှင့် ခြောက်၍
သူတို့ ကြိုက်တတ်သော အရာနှင့် မြှောက်လိုက်လျှင်
အကောင်း အဆိုး ဝေဖန် နိုင်စွမ်း မရှိတော့ဘဲ
ချက်ချင်း လက်အောက်သို့ ရောက်တော့သည်
ယခုလည်း တခါက အတွင်း
မှူးပင် အရဂုတာသစ် မင်းသားက
ရှင် ဒေဝဒတ်၏ အကာရင်း
တပည့်ရင်း ဖြစ်သွားခဲ့
လေပြီ...
ရှင်ဒေဝဒတ် ခိုင်းစေလျှင် ဘာမဆို
လုပ်ဆောင်ရန် အဆင်သင့်
ဖြစ်သွားခဲ့လေပြီ တည်း။



" ဒဂုန်မြေ့ နေ့ချိုးကြီး " ဆိုသည့် စကားက ဤလောကတွင် ဒါကြောင့်မှ ပေါ်ခဲ့သည့် စကားတော့ မဟုတ်ပါ... လောကသဘာဝတရား တစ်ခုကို မီးမောင်း ထိုးပြသော စကားတစ်ခု ဖြစ်ပါ၏
ယခုလည်း ကောသမ္ဗီပြည်မှာ မည်သူကမှ
နေလတောက်ပခဲ့လေပြီ....
ဒီမှာဝန်မင်း
ကြားပြီးပြီလား


ကြားပြီးပါပြီ
ဘုရင်သားတော် ဉာဏသတ်မြင်းသား ကိုယ်တိုင် ဥက္ကာရှင် ဉာဏနှင့် ကိုးကွယ်မှာ ကျောင်း ၊ သင်္ကန်း ၊ ဆွမ်း ၊ ဆေး လိုလေသေးမရှိ ဥစ္စာဆိုင်ရာ ကျွန်တော်တို့ ဆိုမှာ တပည့်ခံပြီး သိတင်း သုံးမယ် ကိုယ်တော်တွေ ကလည်း မနည်းဘူးဆိုပဲ
အဲဒါဆို ကျုပ်တို့ ဘယ်လို လုပ်ကြမတုန်း
ဒီ... ဘုရင့်သား ကိုယ်တိုင်က... ကိုးကွယ်တာ သင်က ဘာလုပ်ချင် လို့တုန်း ကန့်လန့် တိုက်ပြီး ဖျက်ဖြတ်ချင် လို့လား
ဒီလိုတော့လည်း မဟုတ်ဘူးလေ ကျွန်တော်တို့ရဲ့ ဘာသာကြောင်းကို ဝင်မကြီးလည်း တစ်ခု တလေ တော့ သိတယ် မဟုတ်လား


တိတ်စမ်းပါ ငနဲမှူးရယ်
ဒီစကားတွေဒီမှာပဲ ရပ်လိုက်ပါတော့..
ဘုန်းကြီးကျယ်များလှပါတယ် ဘုရင့်သားက
ကြည်ညိုလို့ ကိုးကွယ်ပါတယ်ဆိုတဲ့
ရဟန်းကို ပင့်ပြောဒီ ရော
လုပ်ခဲ့တာ ဘုန်းကြီးကျယ်
များလှတယ်နော် ...
အင်း ....ဟုတ်ပါ
တယ်လေ... ဘာပဲဖြစ်ဖြစ်
မင်းလိုလူကြိုး ကြိုက်ကြိုက်
မကြိုက်ကြိုက် အလိုက်သင့် လေးစား
နေရတာ မှာပေါ့
ပျူး မလွယ်ပါလား
ဘယ်သူတွေ ဘာပဲပြောပြော ရှင်ဒေဝဒတ်
တို့ကတော့ ကုဇကြိုက် ပြည်မှာ
သူထင်တိုင်း ပေါက်ခဲ့! ပြီဖြစ်ပါသည်



ဘဒ္ဒဇာသတင်မင်းသားက.... မနက် ည မပြတ် ဆည်းကပ်၍ လိုသမျှကို ထောက်ပံ့ သည် ဆွမ်း ၊ သင်္ကန်း ၊ ကျောင်း ၊ ဆေး အလှူပယ် လိုလေသေးမရှိ....
သည်တော့လည်း ရှင်ဥဒေါင်ဝင်မှာ လှူ ပရိသတ် ပါမူက... သံဃာ ပရိသတ်ပါ များ ပြား လာတော့သည်
ရှေးခေါ် ဘက္ကယတွေကလည်း အမျိုးမျိုး ဘုံဖုံ



အရှင်ဘုရား အတွက် တစ်ဘက် နိုင်ငံက လက်ဆောင်ရှိ ထားတဲ့ ပိုးပုဆိုး အကောင်းစားကို သင်္ကန်း ချုပ်ထားပါတယ် အလှူခံတော်မူပါ ဘုရား
ရှင်ဒေဝဒတ် သဘောကျလိုက်သည်မှာ ပြောစရာ စကားမရှိတော့ပါ.... သူက သည်လို အကောင်းစားတွေကို အလွန် ကြိုက်သည်ပဲ
ကောင်းလေစွ ကောင်းလေစွ ကောင်းလေစွ
အသိဉာဏ် အမြင် နည်းပါးသော သူထံ ရောက်လာသည့် လာဘ် လာဘ များစွာမှုတို့ သည် ထိုသူ အတွက် အဆိပ် အတောက် ဖြစ်သည်ကို ရှင်ဒေဝဒတ် မသိရှာပါ...


ဒီနေ့တော့ ထောပတ်ဆွမ်း ချက်ပါတယ်ဘုရား၊ အသားဟင်း ကောင်းတွေလည်း စီစဉ်ထားပါတယ် အချိုပွဲလည်း အကောင်းစားတွေ ကပ်ဖို့ ပြင်ထားတာမို့ အလိုရှိသလောက် ဘုဉ်းပေးသုံးဆောင်တော် မူပါဘုရား၊
အင်း… ကောင်းလေစွ ဒါနဲ့ တို့မျိုးရဲ့ တပည့်သား၊ သံဃာတော်တွေ အတွက်ကော…
မစိုးရိမ်ပါနဲ့ ဘုရား၊ အစစ အရာရာ ပြည့်စုံအောင် စီမံထားပါတယ် ဘုရား၊
အော်….. အော် သူတို့ကိုလည်း ဂရုစိုက်ပါကွယ် သူတို့လည်း ဒီ သာသနာ့တော်ကြီးမှာ အပင်ပန်းခံပြီး အလုပ်လုပ်နေကြတာပါ…
စိတ်ချပါ ဘုရား၊


ဘုရင့်နောင် တော့ ဤလောက ကြီးတွင် ကောင်းတာလုပ်လုပ်
ဆိုးတာလုပ်လုပ် လေးနိုင် ကမ်းနိုင် ကျွေးနိုင် မွေးနိုင်လျှင်
ခြွေရံသင်းပင်း တပည့်တပန်း များပါ
ယခု လည်း ရှင်ဒေဝဒတ်မှာ
ရဟန်း ပရိသတ် လူပရိသတ်
တစ်နေ့ တခြား တိုးပွား လာ၍
လာနေပါပြီ။ ဘုရှေ့ချောင်
ဘုရား ချောင် ကြသည်ပဲလေ
ဘုရားကပင် ဝိဋ္ဋကဏ်ဖြစ်ရသည် ဘုရား
ယခုဇာတ်သို့ တင်တိုင်း ကြံ ၍ ရလာသော
ဘုရားရှင် ဘုရားနေကျောင်း ရှင်ဒေဝဒတ် သိမ်
မကြာခင် မိရဲ ပြုတော့သည်



ဤကမ္ဘာလောကကြီး၌ မည်သူ တစ်ဦး တစ်ယောက်မျှ ကြံစည် ဝံ့မည်မထင်သော အကြံအစည်ကြီးကို သူ ကြံစည်လေတော့သည်....
ဒီသံဃာတော်တွေရဲ့ ပရိသတ်တွေ ငါ့ကို အမြဲတမ်း ကြည်ညိုနေဖို့ လိုတယ် ဒီလို ဖြင့် ပရိသတ်ဒို့ သံဃာ ပရိသတ် အား ရှေ့ကျော်ကို ဂုဏ်ထား ဖြစ်မှ ဒီ အဆင့် ဆက်နေလို့ မဖြစ်ဘူး
ဘုရားရှင်ကို အနား ယှဉ်ပြီး ဒီ သာသနာတော်ကို ငါ အုပ်ချုပ် လိုက်ရရင် ဒါတွေ အားလုံး ဟာ... အဆင့် အချက်မှာ တော့ပါ ငါ့ အတွက်....
အို.. အလိုလေး ဒါ... ဘယ်လို.... ဘယ်လို ဖြစ်တာလဲ



တွေးနေရင်း ကြံနေရင်းမှ ခန္ဓာကိုယ် ဘဝတွင်းရှိ
ရုတ်တရက် ဆုတ်ယုတ် ကျန်ခဲ့ သွားသလို....
သူခံစား လိုက်ရသည်။ ဗိုးဂိုမ် ထိတ်လန့်မှု
တွေ့နှင့် သူ.... သမာဓိကို ဖြင့်၍ တည်ဆောက်ရန်
ကြိုးစားကြည့် သေးသော်လည်း မရတော့ပါ
မကြုံစဖူး မစဉ်းစားဖူး... သူ့ရှေ့ရှိ ဘားနေရာ
မယ်၍ သူ့ဘုရား လုပ်မည် ဟုကြံသော ဘကြီးဘ
ကြံစည်မိ သည်နှင့် တပြိုက်နိုက် မှာယ်
ပုံဆိုင် ရှိ ထားခဲ့သော.... ရှာန် ဘားကို
တန်ခိုး ဘားလုံးတို့ ပျက်စီး သွားခဲ့
လေတော့ သည်။



သူ ဖြစ်မှု ဘုံမျိုးမျိုး ကြိုးစား ဘုရားထွက် သော်လည်း မရတော့ပေ....
ဒီ ဘဝဆိုး ဆို ရင်တော့ ပြဿနာပဲ ငါ့မှာသာ ဈာန် အဘိညာဉ် တန်ခိုး တွေ မရှိတော့တော့ အဇာတသတ် မင်းသားလည်း ကြည်ညိုမှာ မဟုတ် တော့ဘူး
ကျုပ်တို့ လူတွေ ရဟန်းတွေလည်း မထီမဲ့မြင် ပြုလာနိုင်တယ်.... ပူဇော်သက္ကာရ တွေလည်း ရှိမှာမဟုတ်တော့ဘူး မဖြစ်ဘူး ဒီကိစ္စ ဘယ်သူ့မှ မသိစေဘဲ ငါ.... ဟန်မပျက် ဆက် နေမှ ဖြစ်မယ်
ရှင်ဒေဝဒတ် သည် ဟန်မပျက် ဆက် နေခဲ့သည်။ သို့သော် ဤ လောကကြီး၌ ဆိတ်ကွယ်ရာ ဟူ၍ မရှိပါ.



ဂုဏ်ရည်ဝိတ်ဖြာ မြည်သည့် ရှင်ရှိ ဝိဘင်္ဂ တန်ခိုး မှ မရှိတော့သည့် ဝိဇ္ဇာကြောင်းကို သိလို ကတော့ ပြောပါ မယ်
ထိုသူကား လူတော့မဟုတ် နတ်သားတစ်ပါး ဖြစ်၏ ထိုနတ်သားသည် လူ့ဘဝတွင် ဂုမ္ဘောဂုလန် ၏ ဝိသည် ဝိဇ္ဇာ ဖြစ် သည်။ ဂုဇ ဖြိုက်ပြည်မှ ကောလိယ သူဌေးဖသား ကုဏ္ဍလ ဖြစ်၏
သူသည် ဗျာဒိတ် ဝေဖြိုး နောက် စတုမဟာရာဇ် ဘုံ၌ နတ်သားဖြစ်ခဲ့ ဖူးသူ ဖြစ် ပါ၏



ထိုခဏ်သားကား ကောသမ္ဗီပြည်၌ သီတင်းသုံးနေသော ရှင်ဓောဋလန် ဆီသို့ လာရောက် ၍ ရှင်ဗေဒဝိဇ် ၏ ဝါဖြစ်စဉ်ကို လျှောက်ထားခဲ့ သည်
အရှင်ဘုရား ရှင်ဗေဒဝိဇ် ဟာ ကြီးကျယ်ခမ်းနားမြင့် မြတ်ရဲ့ များစွာ အပေါ် မှာ.... လောက တက်ကြွ မကြုံကောင်း မစည် ရာ ဘုရား ရှင်ကို ဖယ်ပြီး ဘုရား သူ့ကိုယ်နှင့် ကြော်ငြာခဲ့ ပါတယ် ဘုရား
အဲဒီ အကုသိုလ် ကြီးကြောင့် သူ့မှာရှိသမျှ ရှင် အဘိညာဉ် တန်ခိုး ဈာန်သမျှ အကုန် ပျက်စီး သွားခဲ့ပါ တယ် ဘုရား


ထိုနတ်သားတို့၏ စကားကို ယုံရခက်စွာ ရှင်မောဂ္ဂလာန်က ဘုရားရှင်အား လျှောက်ထားမေးမြန်းရပြန်၏
အရှင်ဘုရား တပည့်တော် ထံကို နတ်သားတစ်ပါး လာပြီး ရှင်ဒေဝဒတ် မှာကြားသမျှ ရဟန်း အားလုံး တစ်စုံတွေ့ ပျက်စီးသွားပြီ လို့ လာလျှောက်ပါတယ် ဒီစကား မှန်မှန် အမိန့်ရှိတော်မူပါ ဘုရား
ချစ်သား မောဂ္ဂလာန် ထိုနတ်သား လျှောက်ထားသော စကား တို့သည် အမှန်ပင် ဖြစ်၏ ဒေဝဒတ်သည် မကြာကောင်း မစည်ကားဘဲ ကြီးစည်၍ မကြာမီ ပျက်စီးရတော့မည် သို့သော် ယခုအခါ ကို သင်မည်သူမျှ မပြောနှင့် အချိန်တန်သော် ပျက်စီးရှင်လျှ အများ သိရှိရ ကြလိမ့်မည်
မှန်ပါ တပည့်တော် ဆိတ်ဆိတ် နေပါမယ် ဘုရား


ထိုနောက် မကြာမီ ရက် အတွင်း မှာပင် ဗုဒ္ဓ၏ ကိုယ်တော် မြတ် ကြီးသည် ကောသမ္ဗီ ပြည်မှ ရာဇဂြိုဟ် ပြည် သို့ ဒေသစာရီ ကြွတော်မူလျက် ဝေဠုဝန် ကျောင်း တော်၌ သီတင်းသုံး တော်မူလေ၏
ဘုရား ရှင် အား ဖူးမျှော် ကြည်ညိုရန် လာကြသော ရဟန်း အပေါင်း က ရာဇဂြိုဟ် ပြည် မှ.... ဒေဝဒတ် အကြောင်း ကို ဝိုင်း ဝန်း ၍ လျှောက်ထား ကြသည်
အရှင် ဘုရား ယခုအခါ ရာဇဂြိုဟ်ပြည်မှာ အဇာတသတ် မင်း သား က.... ဒေဝဒတ်ကို သာပြီး ကိုးကွယ်နေပါတယ် ဘုရား!
မင်းသား က နေ့ည မပြတ် ပစ္စည်း လေးပါး အပြည့် အစုံ နှင့် ဆက်ကပ် လှူဒါန်း ၍ ပါလို့ အလွန် အဆင် ပြေ နေပါတယ် ဘုရား



ထိုအခါ ဘုရားရှင်က တည်ငြိမ် အေးချမ်းစွာဖြင့် ဤ မိန့်ကြားတော်မူ၏
ချစ်သား ရဟန်းတို့ အသိဉာဏ် အမြင့်ဆုံး သော ပုဂ္ဂိုလ်ထံ သို့ ရောက်လာသော လောက ပျော်ရွှင်မှု နှင့် အခြံ အရံ တို့ သည် ထိုသူ အား ပျက်စီးမှု ကိုသာ ဖြစ်ပါလိမ့် မည်
ဝါးပင် ပေပင် ကျူပင် တို့၏ အသီး သည် အပင် ကို ဖြိုသတ် သကဲ့သို့ . . . အာဇာနည် မြင်းမ၏ သားမှား ခြင်းသည် သူ့ ကိုယ်သူ ဖြိုသတ်မိ သကဲ့ သို့ ပညာဉာဏ် နည်း သောဒေဝဒတ် အတွက် ပျော်ရွှင် သက္ကာရနှင့် အခြံ အရံ များခြင်း သည် သူ့ကို ကြီးစွာသော အန္တရာယ် ဖြစ်တော့ မည် ချစ်သားတို့
ဘုရားရှင်က ပရိသတ် အပေါင်း ကို တရားဟော နေစဉ် မှာပင် ဒေဝဒတ် သူ၏ ပရိသတ် နှင့် အတူ တကွ ထိုနေရာ သို့ ရောက် လာပါ သည်
၃၈



ထို့နောက် ဘုရားရှင် နားသို့ ကပ်၍ ရှိခိုး လိုက်လေသည် ပြီးသည်နှင့် သူ့ သဘော သူ့ဆန္ဒ အတိုင်း လျှောက်ထား တော့သည်
ဘုန်းတော်ကြီးသော မြတ်စွာဘုရား အရှင်ဘုရား ဟာ အသက် အရွယ်ကြီး ရင့် ကာ အိုမင်း နေပါပြီ အပင်ပန်း ခံမနေပါနဲ့ တော့.... အေးအေးချမ်းချမ်း အနားယူပြီး တရားဓမ္မရဲ့ အရသာ ကိုသာ.... အကြောင့်အကြ မရှိ ခံစားပါတော့.
အရှင်ဘုရား ရဲ့ တပည့်တော် ဒါယကာ အုပ်ချုပ်မှု များနှင့် အတူ သာသနာ ကိစ္စ ဂိုဏ်းနှင့် သံဃာတော်များ အား တပည့်တော် အား လွှဲ ပေးတော်မူပါ....
ဟာ
ပြောရက်လိုက်တာ
ဒါ... ဒါ ဆရာကပဲ ဘုရားလုပ် မယ်လို့ ပြော တာလား
ပရိသတ်များ ဆီမှ အာမေဋိတ် သံများ ထွက်ပေါ် လာခဲ့ ကြသည်.
၃၉


ဘုရား ရှင် က.... ပရိသတ်များ ၏ အသံ တို့ကို တိတ်စေ လျက် ရှင် ဒေဝဒတ်ကို ဖြင့် မှ မိန့်တော်မူ၏
ချစ်သား ဒေဝဒတ် သင်ပြောသည့် အလုပ်ကား မဖြစ်နိုင်သေး သူတော်စင်ပီပီ ကိုယ်တိုင် ဥဿုံနိုင်ခြင် သင်ကိုယ်တိုင် အကျင့် ကောင်း မြတ်အောင် ကျင့်ကြံပါဦး သင်မှာ သံဃာ အလောင်းကို ဦးဆောင်နိုင်တဲ့ အကျင့် အကြံ မရှိသေးပါဘူး
မြတ်စွာဘုရား မိန့်ကြားသည့်စကား ရှင် ဒေဝဒတ်နားထဲသို့ မရောက်ပါ မိမိလိုချင် ကိုသာ လျှောက်ထား နေ ပြန်၏...
အရှင်ဘုရား စိုး
တော်မူပါ တပည့်တော်
× × × × × ×
× × × × × ×


ရှင်ဒေဝဒတ် သုံးကြိမ်တိုင်တိုင် လျှောက်ထားပြီးသော အခါတွင်မှ မြတ်စွာဘုရားရှင် က ပြတ်သားစွာပင် အမိန့်ရှိလိုက် တော့သည်
ချစ်သား ဒေဝဒတ်... အယုတ် အလတ် အမြတ်မရွေး လူအပေါင်း မှာ... ငါဘုရား ကို ကြည်ညို ပြီး ရဟန်း ပြုလာကြ တယ် ငါဘုရားက ဒီ အခွင့် ကို သူတစ်ပါး အားလုံးပေး ၍ မသင့်တော့ ဘူး
တကယ်တော့ သံဃာအပေါင်းရဲ့ အကြီး အကဲတွေ ဖြစ်ကြတဲ့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် တို့ကိုတောင် ဒီနေရာ ကို ငါမလွှဲခဲ့တာ သင့်လို သူတကာ ပေးလှူ ဒိုး သမျှ သင့်မြသင့် တော်မှတော့ မစိုး စားနိုင်ဘဲ
လောဘတက်ပြီး သာယာ ပါဠိမျှ တတ်တဲ့ ရဟန်း ကို ဘယ်လို လုပ်ပြီး ဘုရား အရာ လွှဲပေးနိုင်ပါ့ မလဲ သင် မိုက်မဲ လိုက်ပါဘိ....


ဘုရား၏ ရှင်စော ဖြစ်သားလှသော... ထိုစကားက... ဒေဝဒတ်၏ နှလုံးသားကို... အဆိပ်ပြင်းမြား ကဲ့သို့ ထိ၍ စိုက်ဝင်လေ၏။
ပရိသတ် အလယ်မှာ... အပြောခံလိုက်ရသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ် တုန်ကာ... မျက်နှာထားစရာ နေရာ မရှိအောင် အရှက်ကွဲ ရလေပြီ...
မည်သူ့ကိုမျှ မကြည့်တော့ဘဲ ဒေဝဒတ်... ထိုနေရာမှ ထ၍ ထွက်လာခဲ့တော့သည်...



ဟင်း... ဒီ... ပရိသတ် ဒီလယ်မှာ... ငါ့ကို ဒီဂုဏ်ခွဲတာ.... ဘာမှ ဆွေမျိုး မတော်တဲ့ သာမာန်ရဟန်း သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ ကိုတော့ မြှောက်စားတယ် ဆွေရင်း မျိုးရင်း သာကီဝင် မင်းမျိုးက.... ရဟန်း ဖြစ်လာတဲ့ ငါ့ကိုတော့ နှိမ်ဖြား မတန်အောင် ပြော ရက်တယ်
တော်ပြီ... ဒီနေ့ကစပြီး ငါတို့ရဲ့ မျက်နှာကို... ထောက်ထား စရာ မလို တော့ဘူး ဒေဝဒတ် ဘယ်လို လူဆိုတာ.... သိစေရမယ်
ဘုရားရှင် အလိုကျ မဲ့သော ရှုံးပြီး တနည်း အား ဖြင့် မဟာ ဒေဝဒတ် ရဲ့ သို့ သွားရတော့မည့် ခရီး ကို... ပထမဆုံး ခြေလှမ်း ပင် ဖြစ်ပါ တော့သည်။


မျက်နှာပျက်ပျက် နှင့် ဖေါ်သတာကြီး လှည့် ထွက်သွားခဲ့သော… ပုဏ္ဏ ဒေဝဒတ်၏ ရင်တွင်းက… အာဃာတ ကို ဘုရားရှင်က သိတော်မူ၏။
အကောင်း အဆိုး မသင့်ခြင်း တော့ဘဲ… သူလိုချင် သည့် အရာကို ရဖို့ နည်းမျိုးစုံ သုံးကာ… ထင်ကျော်ကြား တော့မည်ကို လည်း ကြိုတင်၍ သိတော်မူ လေသည်။
ထို့ကြောင့်ပင် သံဃာ အများ ကိုစုဝေး စေလျက် ဤကဲ့သို့ မိန့်ကြားတော် မူခဲ့သည်။


ချစ်သားတို့ ရာဇဂြိုဟ်ပြည် အတွင်းမှာရှိကြတဲ့ ဒါယကာ..ဒါယိကာမ အပေါင်း သိစေဖို့ "ပကာသနီယ ကမ္မဝါ" ကို သင်တို့ ပြုကြရတော့မယ် ပကာသနီယ ကမ္မဝါရဲ့ အဓိပ္ပါယ်ကတော့ ငါဘုရား ရဲ့ သာသနာတော်ကနေ.... ဖယ်ထုတ်လိုက်တဲ့ သဘောပဲ ချစ်သားတို့
ဒီကြောင့် ခုချိန်ကစပြီး ဒေဝဒတ် ကြံစည် ပြောဆို လုပ်ကိုင်သမျှ ကိစ္စတွေက.... ငါဘုရားရဲ့ သာသနာတော်နဲ့ ဘာမှ မပတ်သက်ဘဲ သူ့ သဘောနဲ့ သူ လုပ်ဆောင်တာသာ ဖြစ်တဲ့ အကြောင်း ပရိသတ် အပေါင်း သိစေအောင် သင်တို့ လှည့်လည် ဟောပြော ကြပေတော့
မှန်ပါ ဘုရား



သံဃာ အပေါင်း လည်း ရာဇဂြိုဟ် မြို့ အတွင်း လှည့်လည် ၍ ရှင်ဒေဝဒတ်နှင့် ပတ်သက်ပြီး ဘုရား ရှင် မိန့် ကြား တော်မူ လိုက် သည့် “ ပကာသနီယ ကမ္မဝါ ” ကို လိုက်လံ ဟောပြော ကြလေ သည်
ထို အကြောင်း ကို သိကြပြီး အခါတွင် မှ ရာဇဂြိုဟ် မြို့ အတွင်း မှာ ပရိသတ် နှစ်မျိုး ကွဲသွား ခဲ့ သည်



ပညာဉာဏ် နည်းပါးသော... သစ္စာ တရား မမှန် ကန်သော.... ပရိသတ်က.... ထို အကြောင်း ကို ကြားသော် မျက်နှာ မဲ့ ကြလည်။
အာဂဝင် မင်းသားချင်း ဘာတွေဖြစ် အကျိုး ရှိ တယ်ဆို တော့က.... ဂန္ဓဝင်တော် အချိုး တော်နှိုး ကြီး နေတာ မနှာလို့ ကြဘူး တော်ပါဘုရား
ဂန္ဓဝင်ဝင်တော် နှိုး သူတို့ ဘာမှ မပတ်သက် ဘူးလို့ ပြောနေ ကြ ပါလား
အင်း ကြားရတာ တစ်မျိုး ကြီး ပဲ နော်


ပညာဉာဏ်ရှိကြသော သဒ္ဓါတရား မှန်ကန်ကြသော... ပရိသတ်ကတော့ ကိစ္စ ဘာလဲ ဘာလဲ: ဘာနက်ပင် ဆင်ခြင်ကြလေသည်
ဒီ ဘဝိုင်းဆိုရင် ရှင်ဒေဝဒတ်နဲ့ ပတ်သက်ပြီး ဒီသာသနာမှာ တစ်ခုခုတော့ ဖျူးခြားတော့မယ်နဲ့ တူတယ် ဒါကြောင့် ဘုရားရှင်က ရှင်ဒေဝဒတ်ကို ဒီသာသနာကဖယ် လိုက်တာပဲ
ပုဏ္ဏပါရဲ့ သူ့ဘာအလွှေ့များ ကြံစည်ချီး ဖြူလဲ မသိဘူး ဒေါ် ခက်တာက.... သူ့မှာက ဘာရောတာသက် မင်းသား တစ်ယောက်လုံး ထောက်ခံ တာပဲ ဘို့က သူ့ကို မကြည်ညို ပေါ်ပေါ် ထင်ထင် ကြီး ဆန့်ကျင် လို့ မရဘူး ဘာသက် တော့နဲ့ နိုင်တယ်



ထို အဖြစ် အပျက်များ၏ နောက် မကြာမီ ရက်ပိုင်း အတွင်း မှာပင် ဒေဝဒတ်က အဇာတသတ် မင်းသား အား အကြံ အစည် တစ်ခုကို ပုံ ချ ပြီ၊ လေ၏
ဘယ်လို အရေး ကိစ္စ ရှိလို့ အတွင်း ဆောင် ထဲ အထိ ကြွလာပါ သလဲ ဘုရား
အရေးကြီး တဲ့ စကား ပြောစရာ ရှိတယ် မင်းသား ဒီ စကား တခြား လူ ကြားလို့ မဖြစ်ဘူး



ဒီနေ့ကျမှာ မိန့်တဲ့ စကား တပည့်တော် ကလွှဲလို့ တခြား ဘယ်သူမှ မကြားနိုင်ပါဘုရား စိတ်ချ လက်ချ မိန့်တော်မူပါ....
အိမ်း... ဒီစကားက အရေးကြီးတယ် မင်းသား အသေအချာ နားထောင်
တင်ပါ့ဘုရား
အခုခေတ်မှာ... လူတွေက အသက်မရှည် ကြတော့ ဘူး မင်း ... စည်းစိမ် တွေကို ... မင်းသား အတွက် မရှိတော့ ဘူး စည်းစိမ် ချမ်းသာ ... ကျန်းမာ ... အဓိပ္ပာယ် မရှိတော့ ဘူး


အို... အဲဒီတော့ တပည့်တော်က.... ဘာလုပ် ရမှာလဲ ဘုရား.....
အခုလို အရွယ်ကောင်းတုန်း စိတ်အားထက်တုန်း ကိုယ်ပါကျန်းတုန်း မင်းစည်းစိမ် ခံစား ရအောင်.... မင်းကြီး ကို ဖယ်ရှားပြီး မင်းသားက... မင်းလုပ် အုပ်ချုပ် လိုက်တော့ လေ.... ဘုန်းဘုန်း ကလည်း ဂေါတမကို ဖယ်ရှားပြီး ဘုရား လုပ်မယ်လေ... ဒါဆိုရင် အားလုံးဟာ ဘုန်းဘုန်း. မင်းသားရဲ့ အလော အတိုင်း ပဲ ဖြစ်ကြရ မှာပေါ့.
အို... အဲဒီလို လုပ်လို့ ဖြစ်ပါ့မလား ဘုရား
မဖြစ်နိုင်တဲ့ စကား ဘုန်းဘုန်းက ပြောပါ့မလား ဘာလဲ မင်းသားက.... ဘုန်းဘုန်းကို မယုံကြည်တာလား
မဟုတ် မဟုတ်ပါဘူး ယုံပါတယ် ဘုရား
အား... အဲဒါ ဆိုရင်လည်း

ရက် အနည်းငယ်ခန့် ရှိခဲ့ပြီ.... အဇာတသတ်မင်းသား စိတ်ဖြောင့်ဖြောင့်နိုင် မနေနိုင်တော့ကာပင် ဖြစ်ခဲ့ရသည် ဆရာဂုဏ်ဒေဝဒတ်၏ စ
တွေကို သူ့နားထဲမှာ အချိန်တိုင်း ကြားယောင် နေပြီး





နောက်ဆုံးမှာတော့ အဇာတသတ် မင်းသားသည် ဒေဝဒတ် ပြောသည့် အတိုင်း လုပ်ရန် ဆုံးဖြတ် လိုက်တော့သည်
အင်းလေ.. ဘာပဲ ဖြစ်ဖြစ် ငါ့ရဲ့ ဆရာ ဒေဝဒတ် က.... တကယ်ကို တန်ခိုး ကြီးတဲ့လူပဲ သူ ပြောတဲ့ အတိုင်း လုပ်တာ.. ငါ့ အတွက် အကျိုး မယုတ်နိုင်ပါဘူး
အသိတရား နည်းပါး လှသည့် မင်းသား၏ ထို အတွေး သည် သူ့ အား သံသရာ နှင့်ချီ၍ ဒုက္ခဆင်းရဲ ကြီးစွာ ပေးတော့ မည်မှန်း ထို အချိန်က မသိခဲ့ပါ


သည်လိုနှင့် ဆုံးဖြတ်ချက်ချပြီး နောက်တစ်နေ့ ....
အခွင့်တသင့် မင်းသားက ပေါင်တွင် သံချုက် ဓားကို ဝှက်၍ ချည်ချုက် ခမည်းတော်၏ အဆောင်တွင်းသို့ ဝင်ရန် ကြိုးစားသည်
သို့သော်လည်း အစောင့်အကြပ်များက မင်းသားကို မြင်သွားခဲ့ကြသည်
မင်းသား ခဏ နေပါဦး
ဒို့ခမည်းတော်နဲ့ တွေ့မလို့


ကောင်းပါပြီလေ.... ဒါပေမယ့် ကျွန်တော်မျိုး တို့ကို တာဝန်ရှိတိုင်း စစ်ဆေး ခွင့်ပြုပါ---
ဟယ် အမှန့်. သား.တွေကြမယ်. ကိစ္စ ဘာစစ် ဒေစရာ လိုသလဲ
ဘယ်သူမဆို ဘုရင် မင်းမြတ်ရဲ့ အတွင်း ဆောင်ထဲကို အစစ်ဆေး မခံဘဲ ဝင်ခွင့် မရှိတာ မင်းသားလည်း သိပါတယ် တာဝန်ရှိကြလို့ စစ်ဆေး ရတာကို ခွင့်လွှတ် ပေးပါ မင်းသား
သင်... သင်တို့


မည်သို့ မှ မငြင်းသာသည့် အသုံး အရာတသက်
မင်းသား အစောင့် အကြပ် များ ၏ စစ်ဆေး ခြင်းကို ခံလိုက် ရသည်
ဟာ.. တပ်... တပ်မှူး ဒီ... ဒီမှာ မင်းသား ပေါင် မှာ သန့်ချက် ကို ချည်ထား တယ်
ဟင်.. ဒုပြစ်ပါး လေးစပ်: ဒ သန့်ချက်


တာဝန်ကျတပ်မှူး က.... အရာတာသင် မင်းသားကို မေးခွန်း ထုတ်လိုက်ပါ
အသင်မင်းသား သင် ဘယ်လို အကြံ အစည် ကြောင့် ယခုလို ပုံစံမျိုး နဲ့ မင်းကြီးရဲ့ အဆောင် အတွင်း ဝင်ဖို့ ကြိုးစားရ တာလဲ
ခမည်းတော်ကိုနှုန်းချပြီး ငါနန်း တက်မယ်လို့ သင်တို့ ကိစ္စမပါဘူး ငါ... ရှင်ဘုရင် ဖြစ်ရင် သင် တို့ကို သူကောင်းပြုမယ် အခုငါ လုပ်မယ့် ကိစ္စ သင်တို့ မသိသလို နေကြ
ဒီလိုပြောလို့ မဖြစ် ပါဘူး မင်းသား ကျွန်တော်မျိုးတို့က ဘုရင် မင်းမြတ်ရဲ့ သစ္စာခံ တွေပါ မင်းသား ပြောသလို မလုပ် နိုင် ပါဘူး



အရှင့်အကြံအစည်ကို ဘယ်သူ့အားကိုးနဲ့များ ကြံရက် တာလဲ တကယ်ကို မယုံနိုင်စရာပါပဲလား
ဒါ... ငါ့ဆရာ အကျင့် ညွှန်ကြားတာပဲ... သူဟာ တကယ်ကို တန်ခိုးကြီးတဲ့ လူ သင်တို့ ဒုက္ခရောက်စေချင် ကြက် သည်ကိုစွ ဝင်မှာပြန်
ကြည့်စမ်း... ဒါ... ရက်စက်တဲ့ အကြံပဲ ပက်စက် လိုက်တာ ကဲ ဒီကိစ္စ မင်းကြီး သိရှိလျှောက်တင် ရမယ် အားလုံးဟာ မင်းကြီး သဘော အတိုင်း ဖြစ်စေရမယ်
ကဲ... မင်းသား မင်းကြီးရဲ့ ရှေ့တော် သွားကြစို့


...အောင် အကြပ်ရိုက်မျက်မျှား နှင့် အတူ ရှုတော် ...ဝင်ရောက် လာသော အဝရတာသတ်မင်း သားကို ...မြင်ပြီး ဗိမ္မိသာရ မင်းကြီး အလွန်ပင် ...ဖြူသွား၏ ရသည်။
ဟဲ့... သားတော် ဘယ်လိုအရေး များ ဖြစ်လို့ အခုလိုပုံစံနဲ့ ရှုတော် မျှော် ရောက်လာ ရတာလဲ
အဝရတာသတ် မင်းသားဆီက အဖြေစကား ထွက်မလာပါ အစောင့်တပ်မှူးက....
မှန်လှပါ ဘုရား သားတော်ဟာ သခင်ဖျက် စားကို မှတ်ရှု ယူပြီ.
အရှင်မင်းကြီး ရဲ့ အဆောင်တွင်းကို ဝင်ဖို့ ကြိုးစားပါတယ် ဘုရား အဲ့ဒါကြောင့် ယခုလို အရှင်မင်းကြီး ရဲ့ ရှုမျှော် ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်ပါတယ်ဘုရား
အလို ဟဲ့... သားတော် ဒီ... အမှန်ပဲ လား
၅၉



အဇာတသတ်မင်းသားလည်း ဖုံးကွယ်မထားနိုင်သည့် ကိစ္စမို့ အမှန် အတိုင်း ဝန်ခံ လိုက်ရ တော့သည်
မှန်ပါတယ် ဘုရား
ဒါ... သားတော် ဘယ်လို အကြံ အစည်လဲ သားတော်က အခု ဘာဖြစ်ချင် နေတာလဲ
သားတော် အတွက် ထီးနန်း ကို... ခမည်း တော် မရှိတော့ အဲဒါကျမှ ရမယ်ဆိုရင် အချိန်တွေ ကြာပြီး အရွယ်တော် ကို လွန်သွားပါ လိမ့်မယ် အဲဒီ အချိန်ကို မစောင့် အခုပဲ ဖယ်ရှားပြီး နန်း စည်း ကို သိမ်းယူမလို့ ပါ ဘုရား



ဗျာ
အို လျှောက်ကောင်ရဲ့တယ် ကြည့်စမ်း
းသားစကားကို ကြားရသော တပ်မှူး ဘခေါင် တို့ ကြက်သီး ဖျန်းဖျန်း သွားခဲ့ရသော်လည်း ဘုရင် မြတ်ကစော၊ ဘာမှ ဘာရာ မပျက် ...
ဖြစ်ရလေ.... သားတော်ရယ်
ကျေးမွေး ခေါင်းရှောက်လာခဲ့တာ ဒီ ထီးနန်းနဲ့ ဒီ စည်းစိမ်တွေ လေးမို့ ဆိုတာ မသိရော့ လေသလား.... ကဲ... ကဲ... သားတော်ဆန္ဒပြီ မှတော့ သင့်ဆန္ဒ ပြည့်ဝ စေရမယ်....


ကိုး... အားလုံး အသိနှင့် နိုင်ကြ
ဘုရင်မင်းမြတ်ရှင်၏ အားလုံး ခေါင်းတွေ အလိုလို ငုံ့သွားခဲ့ကြသည်။
ငါ၏ သားတော် အဆက်ဆက် မင်းသားအား ယနေ့မှ စ၍ တိုင်းပြည်ကို အုပ်ချုပ် မင်းလုပ် စေမည်.... သဘောမကျသော မှူးမတ် အရာထမ်း များကို ရာထူးမှ ဖယ်ရှား၍ သဘောကျသော မှူးမတ် အရာထမ်း များနှင့်တကွ...
မင်းမြှောက်တန်ဆာ ကိုးပါးကို ပေးအပ်၍ အဖြစ် မြှောက်စေ ကြစေ....
မှန်လှပါ..... အသိနှင့် တော်မြတ် ဘုရား



ဤသို့ဖြင့် ဗိမ္ဗိသာရ မင်းကြီး၏ သဘောတရား ဆုံးဖြတ်ချက်
နှင့် အညီ အဇာတသတ် မင်းသား ရာဇဂြိုဟ် ပြည်ကြီး၏
အရှင်သခင် ဖြစ်လာခဲ့တော့သည်။
နေ့ချင်း ညချင်း ပြောင်းလဲသွားသော
မင်း အသစ်တစ်ပါး ကြောင့် နန်းတွင်း
မှာလည်း ရာထူး အတက် အကျ စည်းစိမ်
အတိုး အလျော့တွေနှင့် ရှုပ်ယှက် ခတ်သွား
တော့သည်။



အဲ့ရွာတသတ်မြင်းသား နှိုးတက်ကြောင်း
သိကြရသောအခါ... တိုင်းပြည်ထဲမှာလည်း
ဟိုနေရာရရ.... သည်နေရာရရ နှင့်
သတင်းတွေ အတင်းတွေ ပျံ့ထွက်လာခဲ့သည်
ဘယ်လို ဖြစ်တာလဲ ချက်ချင်းကြီး
မြင်းကြီးရဲ့ အဆောင်ကို
သံလျက်ဒါး မှက်ပြီး ဝင်တာတဲ့
အဲဒီ... အစောင့်တွေက မပြီး မင်းကြီး
ရှေ့ ပို့တော့ မင်းကြီးက အပြစ်
မယူတဲ့ အပြင် ထီးနန်းကို
ခွဲပေးလိုက်တာတဲ့


ဒင်း.... ဒီလူကို သတ်မယ်အားလို့ ရဲဘော်တွေ တာမှန် နေပြီ ကင်တယ်.... ဒါ့ပြင် မင်းသားက... ဒီအကြံ ဘယ်လို ရတာတုန်း
သူ့ကြောင့်... ရှင်ဒေဝဒတ် က.... လေးတဲ့ ဒုက္ခလေ...
ဒါရှိလေး ဒိုလိုက်ဦး ဒင်း... ဒီ အရေးတွေကို ကြားဖြင့်လို့ ဘုရားရှင်က.... ရှင်ဒေဝဒတ်ကို သာသနာက... မယ်ချီ တကိုး တော်ပို ဝေးရုံ့ မပေတက်ဂိုင် ရှင်ဒေဝဒတ်နဲ့ ကျေပြီး ဘုရားရှင်ပါ.... တစ်မျိုး ထင်ခဲ့ရမှာ...
ဒင်း... မွေကတော့ ကြည့် လို့ ကောင်းပြီ... လုပ်ချင်တိုင်း လုပ်မယ့် လူ လက်ထဲ အာဏာရောက် သွားပြီ... ကြည့် နေ-ကြည့် စားကြ လတော့....



အဇာတသတ်မင်းသား မင်း အဖြစ်ကို ရပြီးသည့်နောက် အတွင်းဆောင်နန်း တွင်တွင်.... ဆရာဖြစ်သူ ဒေဝဒတ်နှင့် နှစ်ဦးတည်း တွေ့ဆုံဖြစ်ခဲ့ပါတော့
အရှင်ဒေဝဒတ် အရှင်စေခိုင်းသည့် အတိုင်း ထီးနန်းကို ကျွန်တော်မျိုး သိမ်းပိုက်ရရှိပြီး ပါပြီ.... အရှင် ကိစ္စသာ ကျန်ပါ တော့တယ်
ဥက္ကာတော်မင်းသား သင် ယခုလုပ် သည့် ကိစ္စက အန္တရာယ်မျိုးစ မငြိမ်းသေးပါ.... ဖခင်ကြီးကို သိမ်းပိုက် ဖမ်းထား သရွေ့.... အချိန်မရွေး အန္တရာယ်ရှိ ကြုံနိုင်တယ် မင်းသား


အရှင်ဘုရား က... ကျွန်တော်မျိုး နားမရှင်းပါ... အရှင် ဘယ်အရာကို ပူပင်နေသလဲ
တယ်ခက်သကိုး ... မင်းသား ... ပင်ပန်း ဆင်းရဲ ... တွေ့လာတဲ့ အခါမှာ ... ခမည်းတော် စိတ်တွေ ပြောင်း လာလိမ့်မယ်
အဲဒီ အခါကျ ... သင့်ကို ဖယ်ရှား ... မင်းစည်းစိမ်ကို..... မှာပဲ အဲဒါ သေချာတယ်
ဒါဆိုရင် ကျွန်တော်မျိုး က.... ဘာဆက် လုပ်ရ မှာလဲ


"ဂုဏ်" ဆိုတာ
လျှို့ဝှက်ထားရင်တော့ ... သတ်ရ မကျောက်တော့ဘူးပေါ့.
ဘင်
ကတော့ မယုံနိုင်


ရှင်ဒေဝဒတ် ခိုင်းသည့် အတိုင်း ဗိမ္ဗိသာရမင်းကြီး အား အဇာတသတ် မင်းက ထောင်သွင်း အကျဉ်းချ၍ အငတ်ဒဏ် ချမှတ်လိုက်တော့၏
« အမိန့်တော် နန်းကျ ဘုရင် ဗိမ္ဗိသာရ အား ထောင်သွင်း အကျဉ်းချစေ.... မယ်တော် မိဖုရားကြီးမှ တစ်ပါး အခြား မည်သူမျှ ဝင်တွေ့ခွင့် မရှိစေရ မည်သည့် အစာအာဟာရမှလည်း အကျဉ်းခံ အတွင်းသို့ ယူဆောင် ပေးကမ်းခြင်း မရှိစေရ အမိန့်တော်မရှိဘဲ သူ့အား ကြိုးလေးသော အပြစ်ဒဏ် ချမှတ်မည် »
« အဇာတသတ် » မင်း၏ အမိန့်တော်
အလိုလေး ဘုရား ဘုရား
ကိုယ်ကျိုးတော့ နည်းကြပါပြီ...


ကြားရသူ အပေါင်းက.... စိတ်မကောင်းကြီးစွာ ဖြစ်ကြရသော်လည်း ဗိမ္ဗိသာရ မင်းကြီးကတော့ သားတော် အပေါ်မှာ စိတ်ကွက်ခြင်း လုံးဝမရှိခဲ့ပါ....
အခု အချိန်မှာ.... သူ... ဘုရင် ပါလေ... ထုတ်တဲ့ အမိန့် မှန်သမျှ နာခံရုံပဲ ရှိတော့တာပေါ့.


အဇာတသတ်မင်း၏ မယ်တော် ဝေဒေဟီ မိဖုရားကြီး လည်း သားမိုက်ကို မဆုံးမ နိုင်တော့ပါ....
ဖြောမရ သည့် အဆုံး ရွှေခွက် နှင့် ထမင်း ထည့် ၍ ခါးပိုက်မှာ ဝှက်ယူပြီး မင်းကြီး အား ကျွေးရသည်
သို့သော်လည်း ထို အကြောင်းကို အဇာတသတ်မင်း သိသွားသော အခါ.... ရွှေခွက် နှင့် ထမင်း ကျွေးခွင့် မရတော့ပါ....


ထို အခါ... မိဖုရားကြီးက တစ်ချိုး ကြံရပြန်၏ စတုမဓုရှင့် ဆုပ်သော မုန့်လုံးကို.... ဆံထုံး အတွင်း ထည့် ယူကာ မင်းကြီးအား ကျွေးပါ၏
လဝက်ခန့် ကြာသော် အဇာတသတ်မင်းက.... ဗိမ္ဗိသာရ မင်းကြီး၏ အခြေ အနေကို အကျဉ်းထောင်မှ အစော တို့ အား မေး လာတော့သည်


အကျဉ်း၌ ခံထား ရတဲ့ မင်းကြီး အသက် ရှိသေးရဲ့လား
မှန်လှပါ ရှိသေးပါတယ် ဘုရား
ဟင် ဒီလောက်ကြာပြီ ဘယ်လို အသက် ရှင်သလဲ
ငယ်တော်က ဆံထုံးထဲမှာ အဟာရ ထည့်ပြီး ယူကျွေးပါတယ် ဘုရား
မှန်လှပါ ဘုရား


ဘာမှ ယှဉ်၍ မရသော ဒီဂါ... မိဖုရားကြီးက...
ခန္ဓာကိုယ် တစ်ခုလုံး နံ့သာရည် ဖြင့်
သန့်ရှင်းအောင် ရေမိုး ချိုး ပြီး စတုမဓုရည်
ပျစ်ပျစ်ကို လိမ်း၍ ထား၏
ဒီဂါချိုင်း ထောင် ဒီတွင်
ကျော် သော ခန္ဓာကိုယ်
စတုမဓု ရည်ကို ဖြင်း
ကျွေး၏
မင်းကြီး လည်း ထို ဖျာ ဖြင့် မကောင်းဝမ်းနိုင်၍
မိဖုရားကြီး၏ ကိုယ်၌ ကပ်ပျက် ကျန်သော
စတုမဓုကို လျှာနှင့် ယက်၍ မြိုချလေ၏


ထိုအဖြစ်ကို မြင်ကြရသော ဘကျုင်းထောင် ဘစောင့်တို့ မျက်ရည် မဆည်နိုင် အောင် ဖြစ်ကြရသည်
ဖြစ်မှ ဖြစ်ရလေ မင်းကြီးရယ် ဘယ်ဘဝ ဝဋ်ကြွေး နဲ့များ ဒီလို ကြုံရတာပါ လိမ့် ကျွန်တော်မျိုး တို့လည်း ဘာမှ မတတ်နိုင် ပါလား ဘုရား


လေး ငါး ရက် ကြာသော် အကျိုးတော် ဆောင်များကို အရာကာသတ်က... မေးမြန်းစေ
ဘယ်လိုလဲ ခမည်းတော် အသက် ကျန်ပြီလား
ရှိပါသေးတယ် ဘုရား
ဟယ် မဖြစ်နိုင် ထိုက်တာ ဘယ်သူ များ အသက် ရှင်သလဲ


အစောင့်များက အကျိုးအကြောင်း လျှောက်ထားပြန်၏ အဆောတာသတင်းက အမိန့်တစ်မျိုး ပြောင်း၍ ထုတ်ပြန်၏
ကိုင်း ... ဒီလို ဆိုရင် မယ်တော့်ကို အကျိုးဆောင် ထဲ မဝင်စေနဲ့ တော့
မှန်လှပါ ဘုရား


ထိုအခါမှ ရက်ပြီး ခုနစ်ရက်ခန့် ကြာသော်.... အဝေးတသောင်း မင်း က အခြေအနေကို သေချာစွာ ဖော်ပြ ပေးပြန်၏
ကိုး... ဘယ်လိုလဲ ဒီ တစ်ခါ တော့ ခမည်း ကံတော် ကျိုပြီ မပေဘူးလား
မှန်လှပါ အသက်ရှင် လျက် ပင် ရှိ ပါသေး တယ် ဘုရား
ဟာ.... ဒါဆို ခမည်းတော်ကို အပါးရှိး ဆက် ရေး မှန်မှန် ကျော တင်စမ်း



မှန်လှပါ ဘယ်သူမှ မဆောက်သပါ ဘုရား၊ ဦးကြီးဟာ ဘာ ဝိဟာရ မှ မသုံးဆောင် ဘဲ ချုံရှိ ထားတဲ့. ကျား ခမ္ဘူရဲ့ ဘုရသာကို သုံးဆောင်ပြီး ရင့်လျှောက် နေပါတယ် ဘုရား
ဘသွင် အပြင် ဘသူ ဘက် ကလည်း ရှာ ကယောက်တော် မှို့ ရှိပြည် ခဲ့ဘူး တင်တယ်…
အော်..တိတ် အင် ကြီတ မောလျော့နို့.


ဗိုလ်လောက်ကျော် ရှိလှတာ
လမ်းမလျှောက်နိုင်အောင်.....
ရွှေဖဝါး ကို တားနှံ့ခဲ့ သားနှယ်ပြီး
မီးကင်လိုက် ဒီ ငါ့အမိန့် ပဲ....
မှန်.. မှန်ပါ
ဘုရား ...
ဗိုလ်ငါး တော့ တကယ်
လျှောက်သွားပြီ
သို့ဆန်ဒါး ရှိရတော့မည့် ဗိုလ်ကျော် ထောင်တော်
ဘုရင့် အမိန့် အတိုင်း လျှောက်ကြရတော့သည်
၈၀


ဘဂျင်မြင့်ကြီး
ကျွန်တော်မျိုး တို့ကို ခိုင်းလွှတ်တော်
မူ့ စိတ်ထား လုံးဝမရှိပါဘူး ဘုရား
ဘဂျင်သားတော်ရဲ့ ဘမိုင့်ကို
မလွန်ဆန်ရဲလို့ သာလုပ်ရ
တာပါ ဘုရား
ဘမိုင့် ဘဝတိုး သာလုပ်ကြပါ
တော့ကွယ်တို့၊ ဘဲ... ဒါတွေဟာ...
ဘဂျင်ဘဝက... သူတစ်ပါးတွေရဲ့ ဘရှင့်
ဘမြတ်ထားတဲ့ ဘုရားကျောင်းထဲ
စေတီရှင် ပြင်တွေပေါ်မှာ
မိန့်ပစ်စီး ပြီး သွားခဲ့ဖူးတာ
ဘကုသိုလ် ကံကြွေးတွေပါပဲလေ
ဘုရား... ဘုရား
ဒီကာစ ဒီမျှနဲ့ သာ
ကြေပါစေတော့
ဘုရား ဘုရား


ခြေဖဝါး ကိုဓား နှင့် ခွဲ၍ ဆားနှယ်ကာ.... မီးကင် ခံရသည့် ဒဏ်ကြောင့် မင်းကြီးမှာ ဝေဒနာကို မချိမဆန့် ခံစားရင်း ကဲ့တော် ကျန်ရှာတော့၏။
ဘုရား — တရား.... သံဃာ ရတနာ့မြတ် သုံးပါး သာ အားထား ကိုးကွယ်ရာ.... ပါတော့တယ်... ဘုရ
ဒီလိုလေး ဘုရား.. တရား.. သံဃာ....


လူစိတ်ဝင်သည့် တစ်လောကလုံးကို လှမ်း၍ ရှုနိုင်သော်လည်း မိမိကိုယ်မိမိတော့ လှမ်း၍ မရှုနိုင်ပါ.... မိမိ၏ ကောင်းခြင်း ဆိုးခြင်းကို အခြား မည်သူမျှ မသိစေနိုင်ကာမူ မိမိကတော့ ဂျင်းဂျင်းကြီးပင် သိနေသည်သာ ဖြစ်ပါ၏
ခမည်းတော်မင်းမှိုသာဂရ မင်းကြီး နတ်ရွာစံသည့် အကြောင်းကို သိလိုက်ရသည့် အချိန်တွင် အဇာတသတ် မင်း၏ ရင်ထဲမှာ လေးလံ အုံ့မှိုင်း သွားခဲ့ရသည်။


မယ်တော်ကြီး ပြောပြသည့်၊ မိမိ ဖုံးဖိ ထားခဲ့သော ခမည်းတော်ကြီး၏ မေတ္တာ စေတနာများကို.... သိလိုက်ရသည့် အချက် လည်း ပို၍ပင် ခံစား ကြေကွဲ နေရပြန်၏....
အဖကို သတ်မယ့် သား လို့ သိခဲ့ ... ပေးခဲ့ သတဲ့.
ထောင်သွင်း အကျဉ်းချပြီး ရက်စက်တဲ့ အမိန့်တွေ.... တစ်ခုပြီး တစ်ခု ထုတ်ခဲ့တာတောင် တစ်စက် ကလေးမှ အပြစ် မမြင်ခဲ့ဘူးတဲ့.
ဩော်... မှားပါ ပကောလား... ဒါပေမယ့်... ပို ... ပြောသလို ဆို ရင်တော့.... ဒါ... ဒါ... ရ ... မဟုတ်ဘူး



မိမိ လက်နှင့် မသတ်ခဲ့ သည့်တိုင် အကြံဖြင့်
သတ်ခဲ့ တာ ဘုရင်ပင် ဖြစ်ပါစေ ဘုရားသိုလ်
ကံတရားကို လက်တစ်လုံးခြား၍ လွှဲ
ပယ်၍ မှတ်ကြောင်း ရှောင်နိုင်ပါ့ သတဲ့လား
တစ်ဘက် က မင်းကြီး အတွက် ကြေကွဲနေရ
သလို တစ်ဘက်ကလည်း မိမိရှိ ပိုင် ဆိုင်
ထားသည့် ယင်းစည်းစိမ် အပေါ် လောဘ
တက်၍ တပ်မက် နေမိ ပြန် ၏


ဆရာ အရှင် ဒေဝဒတ်ကလည်း အဇာတသတ်မင်း စိတ်ပိုင်း မသွားအောင် အချိုးချိုး စည်းရုံး သိမ်းသွင်း သည်....
မင်းကြီး အရေးကြီးတဲ့ ကိစ္စတွေ ကို.... လုပ်ရတဲ့ အခါမှာ ဒီလိုပဲ မိမိ သဘောမတွေ့ပေမယ့် စဉ်းစားပြီး လုပ်ရတဲ့ ကိစ္စတွေ ရှိတယ်
ကောင်းပြီ အုပ်ချုပ်မင်း လုပ်မယ့် လူဟာ.... စိတ်ထား ပျော့ လို့ မရဘူး ပြီးပြီး သားတွေကို.... ပြန်ပြီး တွေးမနေပါနဲ့တော့ ရှေ့ဆက်မယ့် လုပ်ရမယ့် ကိစ္စတွေကိုသာ အကောင်း ဆုံး စဉ်းစားပါ


တပည့်တော်က လုပ်စရာ ရှိတာလုပ်ပြီးပါပြီ... လုပ်ရမယ့် ကိစ္စတွေက... ဆရာ အရှင်ရဲ့ ကိစ္စတွေပဲ ရှိပါတော့တယ်
ဟုတ်ပါပြီလေ.... အခုလည်း အဲဒီကိစ္စ ပြောဖို့ လာခဲ့တာပဲ.... ဘုရင်ကြီးက ယောက်ဖတော် ဂေါတမကို.... လုပ်ကြံဖို့ လေးသမား ကောင်းတွေရှိတယ် အဲဒီ မင်းကြီးက.... ခွင့်ပြုပါ.....
ဆရာ အရှင် အလို ရှိတော့ သူ စိတ်တိုင်းကျ ယူပြီး သုံးပါတော့



ရှင်ဒေဝဒတ် က လေးသမားအကျော်အမော်
များကို ခေါ်၍ မြတ်စွာဘုရား သီတင်းသုံးရာ....
တောအုပ်ကို လမ်းညွှန်ပြပြီး ဘုရားရှင်အား
လုပ်ကြံ ခိုင်း လိုက် သည်။


ရက်အနည်းငယ် ကြာသော် လွှတ်လိုက်သည့် လေးသမား
အားလုံး ရှင်ဒေဝဒတ်ထံ ပြန် ရောက်လာကြသည်….
ဟင်….
သင်တို့ ဘယ်လို ဖြစ်ပြီး ပြန်လာကြ
တာလဲ


ဘုရင့်ဘုရား ကျွန်တော် မျိုးတို့ အဖြစ်သမျှ ကြားတွေ ဘုရားရှင် ထံမရောက် လေထဲမှာပဲ ပျောက်ကျန်ပါတယ်ဘုရား
ဖြတ်မှာဘုရား ရှင်ဟာ... ဘုရင့် ပဲ ဘုရင်တ ကြီးပါတယ် ဘယ်လိုမှ သတ မရှိပါ ကျွန်တော်မျိုး ဒီကိစ္စ ကြီး ကို မလုပ် နိုင်တော့ပါ...
ဟယ်.. ဘာလဲကွ အဖြေမရှိတဲ့ကောင်တွေ သွား... သွား ငါ့ရှေ့က ထွက်သွား ကြစမ်း?



လေးသမားများ ပြန်သွားကြပြီးနောက် ရှင်ဒေဝဒတ် တစ်ပါးတည်း အကြံထုတ်၏
ဒီကိစ္စ အချိန် ကြာကြာ ဆိုင်းလို့ မကောင်းဘူး တစ်ယောက် စကား တစ်ယောက် နားနဲ့ ပေါက်ကြားကုန်ရင် ငါ ဘာမှ လုပ်လို့ ဖြစ်မှာ မဟုတ်တော့ဘူး
တခြား လူလည်း ခိုင်းလို့ ဖြစ်မှာ မဟုတ်တော့ဘူး ငါ ကိုယ်တိုင် လုပ်မှ ရတော့မှာ...
အကြံကြီး ကြံ၍ အမှား အမှန် မခွဲခြား နိုင်ရှာ.... ဆက်ကာ တောထိုး ရှင်ဒေဝဒတ်ကြံလေပြီ



မြတ်စွာဘုရားရှင် စကြံကြွလေ့ရှိသော.... ဂိဇ္ဈကုဋ်တောင်ခြေ၏ အနေအထားကို ရှင်ဒေဝဒတ် တိတ်တဆိတ် သွား၍ လေ့လာသည်
ဟုတ်ပြီ.... ဒီအချိန် ဒီနေရာမှာ သူ အမြဲတမ်း စကြံကြွတယ်.... ဒါဆိုရင်
အကုသိုလ်များ အကျိုးပေးချင် ရင် မကောင်းသည့် ဉာဏ်တွေက.... ခေါင်းထဲမှ ကြံဖန်၍ ထွက်လာ တတ်စမြဲ ဖြစ်ပါ၏




လျှိုမြိုက်မှာလည်း လျှိုမြိုက် ဘုန်းကျောက်
ဘုန်းပေါ်ကြီး ဘဘုန်း တပည့်တပန်း ကတော့
ရှိသည်သာ....
ရွှေဝဲဝင်ဝတ်က.... ချေးစကားကို ကြားသည့် လျှိုမြိုက် ဘုန်းကြီးကို ဓါးကို ကိုင်ဆွဲကာ တောင်ပေါ် သို့ တက်ခဲ့သည်။
တောင်ပေါ် သို့ ဘုရားကျောက်တွင် ကျောက်မောင်း ယန္တရား ကို တပ်ဆင် စေ၏



ဆင်ပြီး သည်နှင့် မြတ်စွာဘုရား ဂိဇ္ဈကုဋ် တောင် ခြေတွင် စင်္ကြံ လျှောက်မည့် အချိန် ကို စောင့်သည်။
လော... လာပြီ
သူ... လာချေပြီ....
သွားပေတော့.
တောင်ခြေတွင် စင်္ကြံ လျှောက် လာသော မြတ်စွာဘုရား ထံ တည့်တည့် ချိန်၍ ကျောက်မောင်း ကို ဖြတ်ချ လိုက်သည်



ကြီးမားသော ကျောက်တုံးကြီး မြတ်စွာဘုရားထံ
သို့ ပြင်းစွာ လိမ့်ဆင်းသွားခဲ့သည်...
ဒီတစ်ခါတော့
ဒီ... ဘာလို့ ဘယ်လို ဖြစ်
မြင်လိုက်ရသော မြင်ကွင်းကို ဂုဒေါ်ဘတ်
မယုံနိုင်။ မယုံနိုင်သော်လည်း မိမိ
ရှေ့တည့်တည့်မှာ ဖြစ်သွားသော
အဖြစ်အပျက်ပင် ဖြစ်ပါ၏။


မြစ်စွာဘုရား ဘိုနိုး သို့ ကျောက်တုံး ကြီး
မျောက် တကောက်တွင် ကျောက်သား တောင်ထွင့်
နှစ်ခု က ရုတ်တ ရက် ထွက်လာ ပြီး လိမ့်ကျ
လာသော ကျောက်တုံး ကြီးကို ဆီး၍ ခံလိုက်
ကြသည်
ဝုန်း



ပြင်းထန်သော ထိခိုက်သံကြီး နှင့်အတူ
မြတ်စွာဘုရား နှင့် လမ်းမှကာ....
ကျောက်တုံးကြီး လွှင့်စဉ် ထွက်
